ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

**ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန**

ညွှန်ကြားချက်အမှတ်  ၁ /၂၀၁၉

၁၃၈၁ ခုနှစ် ၊ ဝါဆိုလဆန်း  ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ  ၁၁ ရက်)

**ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်ရရှိထားသူများ လုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာရမည့် ညွှန်ကြားချက်**

၁။ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ ပုဒ်မ ၁၁ ၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့အရ ခရီးသွားလုပ်ငန်းအရပ်ရပ်ကို ကြီးကြပ်ကွပ်ကဲရန်နှင့် လိုင်စင်နှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များကို သတ်မှတ်ပေးရန် တာဝန်ရှိသဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၃၉ ၊ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်ရရှိသူများ လိုက်နာရမည့် လိုင်စင်နှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) လိုင်စင်ကို လုပ်ငန်းရုံးခန်း၏မြင်သာသောနေရာတွင် ထင်ရှားစွာချိတ်ဆွဲထားရမည်။

(ခ) ဤလိုင်စင်ဖြင့် ခွင့်ပြုသော လုပ်ငန်းကိုသာလုပ်ကိုင်ရမည်။

(ဂ) လိုင်စင်တွင် ဖော်ပြထားသည့် အမည်မှတစ်ပါး အခြားအမည်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

(ဃ) လိုင်စင်ကို အခြားသူအား လွှဲပြောင်းပေးခြင်း၊ ရောင်းချခြင်း၊ အပ်နှံခြင်း မပြုရ။

(င) ပျက်ပြယ်သောလိုင်စင်ဖြင့် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

(စ) နိုင်ငံခြားငွေကြေးများကို ကိုင်ဆောင်ခြင်း၊ရောင်းဝယ်ခြင်းများအား တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

(ဆ) လုပ်ငန်းလိုင်စင်ကို ခရီးစဉ်အမျိုးအစားအလိုက်ပေါ် မူတည်၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လျှောက်ထားရယူ ဆောင်ရွက်ရမည်။

(ဇ) ဧည့်သည်များကို ခွင့်ပြုခရီးစဉ်ဒေသများ၌သာ ခရီးစဉ်ဝန်ဆောင်မှုပေးရမည်။

(ဈ) နိုင်ငံတော်၏တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားပေးကူညီခြင်းမပြုရ။

(ည) မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေနှင့် နည်းဥပဒေများအရ ဖွဲ့စည်းတာဝန်ပေးထားသောစစ်ဆေးရေးအဖွဲ့၏စစ်ဆေးခြင်းကိုခွင့်ပြုရမည်။

၃။ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်ရရှိထားသူများသည် လုပ်ငန်းဆောင်ရွက်ရာတွင် အောက်ပါ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်-

(က ) ခရီးစဉ်များနှင့်စပ်လျဉ်း၍ ကြော်ငြာရာတွင် ခရီးစဉ်ကာလ၊ဈေးနှုန်း၊ ရောက်ရှိမည့် ဒေသ၊ ပို့ဆောင်ရေး၊ တည်းခိုရေး၊ ကျွေးမွေးရေး အစီအစဉ်များနှင့် ဧည့်လမ်းညွှန်လိုက်ပါမှု အစီအစဉ်စသည့် ခရီးစဉ်ပါ ဝန်ဆောင်မှုများကို ပြည့်စုံစွာ ဖော်ပြရမည်။

(ခ ) ခရီးစဉ်ဝန်ဆောင်မှုအတွက် လိုင်စင်ရ ဟိုတယ်၊ တည်းခိုရိပ်သာနှင့်လိုင်စင်ရ ဧည့်လမ်းညွှန်တို့နှင့်သာ ဆက်သွယ်အသုံးပြုဆောင်ရွက်ရမည်။

(ဂ ) ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီနှင့် ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ခရီးသွားလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များနှင့် စည်းကမ်းချက်များကို လိုက်နာရမည်။

(ဃ ) ခရီးစဉ်ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးရာတွင် ကြော်ငြာထားသည့် ခရီးစဉ်ပါ ဝန်ဆောင်မှုများကို အပြည့်အဝစီစဉ်ဆောင်ရွက်ပေးရမည်။

(င) ခရီးလှည့်လည်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ထုတ်ပြန်သောခရီးစဉ်များ၊ခရီးစဉ်ဈေးနှုန်းများသတ်မှတ်ချက်နှင့်စည်းကမ်းချက်များကိုသက်ဆိုင်သည့်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီနှင့်ဦးစီးဌာနသို့ ပေးပို့တင်ပြရမည်။

(စ ) ပြည်ပနိုင်ငံတစ်ခု သို့မဟုတ် အများနှင့် ပူးတွဲရောင်းချထားသော ပြည်တွင်းခရီးစဉ်များအတွက်ရရှိသည့် နိုင်ငံခြားငွေများကို ပြည်တွင်း၌သာ လက်ခံရယူရမည်။

(ဆ) ခရီးလှည့်လည်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ နိုင်ငံခြားငွေလက်ခံရယူခြင်း၊ ပြန်အမ်းငွေပေးခြင်း၊ ငွေလွှဲပြောင်းပေးချေခြင်း စသည့် ငွေကြေးဆိုင်ရာ လုပ်ငန်းရပ်များကို လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်များ၊ တည်ဆဲဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဇ ) ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းဆိုင်ရာ ငွေစာရင်းများကို မြန်မာနိုင်ငံစာရင်းကောင်စီတွင်မှတ်ပုံတင်ထားသော လက်မှတ်ရ ပြည်သူ့စာရင်းကိုင်၏ စစ်ဆေးအတည်ပြု ချက်ကို ရယူထားရမည်။

(ဈ) မိမိလုပ်ငန်းတွင် တာဝန်ပေးအပ်ထားသည့် စီမံခန့်ခွဲသူ သို့မဟုတ် ကြီးကြပ်သူ သို့မဟုတ် အခြားဝန်ထမ်းတစ်ဦးဦးက ယင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ တာဝန်ပျက်ကွက်လျှင်ဖြစ်စေ၊ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်လျှင်ဖြစ်စေ ယင်းတာဝန်ပျက်ကွက်မှု သို့မဟုတ် ဖောက်ဖျက်မှုတို့အတွက် လုပ်ငန်းရှင်၌လည်း တာဝန်ရှိစေရမည်။

(ည) ခရီးလှည့်လည်ရေးလုပ်ငန်းတွင် ကဏ္ဍအလိုက် သတ်မှတ်ထားသော အရည်အချင်းများနှင့်ကိုက်ညီသည့် ဝန်ထမ်းများထားရှိရမည်။

(ဋ) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများက အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
ခင်သန်းဝင်း၊ဒုတိယညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ က-၄၉(ထွေ)/ ၃၀၄၁
ရက်စွဲ၊ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၁ ရက်
ဖြန့်ဝေခြင်း
ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများအားလုံး
ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(တိုင်းဒေသကြီး/ပြည်နယ်ရုံးခွဲများ)
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်

မိတ္တူကို
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ရုံးလက်ခံစာတွဲ
မျှောစာတွဲ